ကမ်းနားဒိုက်လျားကျေးရွာ

ရေကြည်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

၂၀၂၁-၂၀၂၂ခု(၆)လဘဏ္ဍာရေးနှစ်



ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကမ်းနားဒိုက်လျားကျေးရွာ၊ရေကြည်မြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၂ခုနှစ်၊ဇန်နဝါရီလ

မာတိကာ

မာတိကာ

အတိုကောက်စကားလုံးများ

စကားချီး

ကမ်းနားဒိုက်လျားကျေးရွာအရင်းအမြစ်ပြမြေပုံ၊ရေကြည်မြို့နယ်

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်အစီအစဉ်

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ပထဝီဝင်အနေအထားနှင့်သဘာဝအရင်းအမြစ်များ

(က) တည်နေရာနှင့်မြေမျက်နှာသွင်ပြင်အနေအထား

(ခ) ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

(၃) ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

(ခ) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(ဂ) အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား-မရေးရာ

(၄) ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁)　စီမံကိန်းဇယားများ

(၁)　လူမှုစီးပွားရေးအခြေအနေ

ဇယား ၁　လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ၂　လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား ၃　လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား ၄　ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား ၅　ဓာတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား ၆　ဥစ္စာဓနအဆင့်အခြေအနေ

ဇယား ၇　ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ

ဇယား ၈　ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား ၉　ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား ၁၀　ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

(၂)　ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

ဇယား ၁၁　ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား ၁၂　ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား ၁၃　ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

ဇယား ၁၄　ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဇရိယာ

ဇယား ၁၅　အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား ၁၆　ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

ဇယား ၁၇　သီးနှံထုတ်လုပ်မှုတိုးစေရန်အတွက်အခွင့်အလမ်းများ

ဇယား ၁၈　သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား ၁၉　မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား ၂၀　မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်အခွင့်အလမ်းများ

ဇယား ၂၁　မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား ၂၂　စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ငန်းများအတွက်အခွင့်အလမ်းများ

ဇယား ၂၃　စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ငန်းများအတွက်ပြဿနာနှင့်အခက်အခဲများ

ဇယား ၂၄　ရွှေပြောင်းသွားလာမှုဖြစ်ပေါ်လာပုံ၊ပုံစံနှင့်အချိန်ကာလ

ဇယား ၂၅　ရွှေပြောင်းသွားလာရခြင်း၏အဓိကအကြောင်းရင်း

ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့်ဝန်ဆောင်မှု၊ဈေးကွက်လက်လှမ်းမီမှုအခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့်ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့အကျင့်နှင့်အခက်အခဲများ
ဇယား ၃၀ မူလတန်း၊အလယ်တန်း၊အထက်တန်းနှင့်တက္ကသိုလ်အဆင့်စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင်အခြေအနေနှင့်ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေးအခက်အခဲနှင့်ပြဿနာများ
ဇယား ၃၄ အဖြစ်များသောရောဂါများ
ဇယား ၃၅ လွန်ခဲ့သော (၁၂) လအတွင်းကာကွယ်ဆေးထိုးနှံမှုနှင့်အာဟာရဆန်းစစ်မှု
ဇယား ၃၆ ကျန်းမာရေးအထောက်အပံ့နှင့်ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု
ဇယား ၃၈ အိမ်သာအမျိုးအစား
ဇယား ၃၉ ကျား-မကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်းသယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှုအခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာအခြေအနေ
ဇယား ၄၆ ယာဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ဝန်ဆောင်မှုအထောက်အကူများအားလက်လှမ်းမှီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှုအခြေအနေ

နောက်ဆက်တွဲ(၂)ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အပံ့ဖြစ်စေမည့်အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့်စိန်ခေါ်မှုများ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့်စိန်ခေါ်မှုများ

နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာဆန်းစစ်ခြင်းမှဖြေရှင်းနည်းအထိ)

ကိုးကားစာရင်း

အတိုကောက်စကားလုံးများ

AIDS	ခုခံအားကျဆင်းမှုရောဂါ
DRD	ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
HIV	ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ်
MADB	မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်
MEB	မြန်မာ့စီးပွားရေးဘဏ်
MMK	မြန်မာကျပ်
MoALI	စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
NGO	အစိုးရမဟုတ်သောအဖွဲ့အစည်း
PRA	ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း
SLRD	ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန
STD	လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ
PTA	မိဘဆရာအသင်း
TB	တီဘီရောဂါ
VDG	ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၁-၂၀၂၂ခု (၆)လဘဏ္ဍာရေးနှစ်မှ ၂၀၂၅-၂၀၂၆ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက်လိုအပ်သော နည်းပညာများပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး နှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိ ပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင်ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစုနှစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။လူထုကိုယ်တိုင် စနစ်တကျပူးပေါင်း ဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်း အချက်အလက်ရရှိနိုင်သော နေရာများမှလည်းကောက်ယူရရှိခဲ့ ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်းကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟုကျွန်ုပ်တို့မျှော်လင့်ပါသည်။ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့်အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်းယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။အကောင်အထည်ဖော်မည့်ဗျူဟာ၊ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်

နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိက ဖော်ပြထားပါသည်။အပိုင်း(ခ)သည်စီမံကိန်းဆိုင်ရာ အချက်အလက်များ၏ အကြောင်းအရာများ ဖြစ်ပြီးအဆိုပြုစီမံကိန်းလုပ်ငန်းများ၏အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

ဇန်နဝါရီလ၊၂၀၂၂ ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ကမ်းနားဒိုက်လျားကျေးရွာ၊ နွားရေတိုက်ကျေးရွာအုပ်စု

ရေကြည်မြို့နယ်

ကမ်းနားဒိုက်လျားကျေးရွာအရင်းအမြစ်ပြမြေပုံ၊ရေကြည်မြို့နယ်



အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

၁ နိဒါန်း

၁.၁ ရည်ရွယ်ချက်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ရေကြည်မြို့နယ်၊ နွားရေတိုက်ကျေးရွာအုပ်စု၊ ကမ်းနားဒိုက်လျားကျေးရွာသည် အိမ်ခြေနှင့်လူဦးရေများသော်လည်း ဖွံ့ဖြိုးတိုးတက်မှုနည်းပါးနေခြင်းတို့ကြောင့် ဤအစီအစဉ်တွင် ပါဝင်ရခြင်းဖြစ်ပါသည်။ ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေး လုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများရေးဆွဲ အကောင်အထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ထို့ကြောင့် ကျွန်ုပ်တို့၏ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုနိုင်ငံတော်၏ အကူအညီဖြင့်ရေးဆွဲရာတွင်ကျေးရွာလူထုပါဝင်မှုအားနည်းရပါသည်။ ဤအစီအစဉ်ရေးဆွဲပြီးနောက်ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ထို့အပြင်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှလိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ရန်လိုအပ်သောနည်းပညာများရရှိရန်အရေးကြီး ကြောင်းကိုပါ သတိပြုမိပါသည်။သို့သော် အလွယ်တကူတက်ကျွမ်းမှုမရှိ၍ စီစဉ်ဆောင်ရွက်ရာတွင် ခက်ခဲပါသဖြင့် မိမိတို့ ဉာဏ်ရည်ဉာဏ်သွေး ပူးပေါင်းပါဝင်မှုများဖြင့် ပြုစုတင်ပြသွားမည်ဖြစ်ပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့်ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသောပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကိုရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ထို့ပြင်ဦးစား ပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကို လည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

အစိုးရနှင့်အခြားအဖွဲ့အစည်းများအတွက်အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။ သို့မှသာတစ်နိုင်ငံလုံးအတိုင်းအတာအရ ပါဝင်လှုဒါန်းမည်ဆိုပါက ပိုမိုထိရောက်နိုင်မည်ဖြစ်ပါ သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့်တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏တိကျသော လိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သောဌင်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

လုပ်ငန်းအကြီးစားများမဟုတ်ဘဲ လူထုကိုယ်တိုင်ပါဝင်ဆောင်ရွက်နိုင်သည့် လုပ်ငန်းအသေးစားများဖြစ်၍ လူထုမှလည်းထိုက်သင့်သည့် လုပ်အားများထည့်ဝင်နိုင်ခြင်း၊ စိတ်ပါဝင်စားမှု၊ ကိုယ်တိုင်ပါဝင်ဆောင်ရွက်နိုင်မှု၊ စိတ်အားထက်သန်မှုနှင့် အတွေ့အကြုံများလည်းရရှိနိုင်မည် ဖြစ်ပါသည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေး နှင့်ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့်သတင်းအချက်အလက်များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့်အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်း ဆောင်ရွက်မှုပိုမို ကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကိုမြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

၁.၂စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သောငွေကြေး၊အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့်အကူအညီများကိုအခြေခံကာ

ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့်ဖွံ့ဖြိုးရေးအမြင် ဖြင့်ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီးအမြင် ရှင်းလင်းမှုရစေကာဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင်ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ လူထု၏ဖွံ့ဖြိုးမှုကိုတိတိကျကျပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ငွေကြေး အခက်အခဲ ၊နည်းပညာအခက်အခဲများရှိနိုင်ပါသည်။သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့်လိုအပ်သောအရင်း အနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

၂။ ပထဝီအနေအထားနှင့်သဘာဝသယံဇာတအရင်းအမြစ်များ

(က) တည်နေရာနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကမ်းနားဒိုက်လျားကျေးရွာသည် ရွာတန်းရှည်အမျိုးအစားဖြစ်ပြီး(၁)မိုင်ဝန်းကျင်ရှည်လျားပါသည်။ ကျေးရွာ၏အနောက်ဘက်ဖျားပိုင်းတွင် ဆေးခန်း၊ တံတား၊ဘုရားနှင့်ဓမ္မာရုံရှိပါသည်။ကမ်းနားဒိုက်လျား ကျေးရွာသည် ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ နွားရေတိုက်အုပ်စုတွင်ပါဝင်သော ကျေးရွာ တစ်ရွာဖြစ်ပါသည်။ ရွာ၏မြောက်ဘက်တွင် လယ်ကွင်းများရှိပြီး တောင်ဘက်တွင် အရှေ့မှအနောက်သို့ စီးဆင်းနေသော ချောင်းရှိပါသည်။ ကမ်းနားဒိုက်လျားကျေးရွာသည် ရွာတန်းရှည်တစ်လမ်းသွား မြေသားကျောက်ခင်းလမ်းဖြစ်ပါသည်။ ကျေးရွာလမ်းသည်မြေသားလမ်းဖြစ်၍ မိုးရာသီအချိန်တွင်လမ်းများ ပျက်စီးပြီး သွားလာရန်ခက်ခဲပါသည်။ မြေမျက်နှာသွင်ပြင်မှာအနည်းငယ်ပြန့်ပြူး၍ အရှေ့မှအနောက်သို့ အနည်းငယ်နိမ့်ဆင်းနေပါသည်။ရွာ၏အရှေ့ဘက်တွင် ကြည်သာဦးကျေးရွာ၊ အနောက်ဘက်တွင် ငါးတင်းစု ကျေးရွာ၊ မြောက်ဘက်တွင်လယ်ကွင်းများနှင့် တောင်ဘက်တွင်ချောင်းရှိပါသည်။

(ခ) ရာသီဥတုနှင့် သဘာဝအရင်းအမြစ်

ကမ်းနားဒိုက်လျားကျေးရွာ၏ ရာသီဥတုမှာ အသင့်အတင့်ကောင်းမွန်သောဒေသဖြစ်ပါသည်။ နှစ်စဉ် မိုးရေချိန်လက်မ (၈၀)မှ(၁၀၀)ကြားရွာသွန်းလေ့ရှိပြီး နွေကာလတွင်အပူချိန်မြင့်မားသောဒေသဖြစ်ပါသည်။ ချောင်းရေသည်ဗေဒါပင်များနှင့်ပြည့်နေပြီး တပေါင်း၊တန်ခူးလတွင်ရေခန်းခြောက်ပါသည်။ချောင်းရေသည်

လက်ရှိစိုက်ပျိုးရေးအတွက်သုံးစွဲ၍မရပါ။ ချောင်းအားရေစီးရေလာကောင်းမွန်စေရန်အတွက် ပြန်လည်တူးဖော်ရန် လိုအပ်ပါသည်။

၃။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင်ဘာသာရေးဆိုင်ရာအကျိုးတော်ဆောင်အဖွဲ့၊ လူမှုရေးဆိုင်ရာအဖွဲ့၊ လူငယ်အဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့စသည့်အဖွဲ့အစည်းများရှိပါသည်။ အဖွဲ့အစည်းများသည် လိုအပ်လျှင် တစ်ဖွဲ့နှင့်တစ်ဖွဲ့ တိုင်ပင်၍ ကူညီဆောင်ရွက်ကြပါသည်။

(ခ) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

ကျေးရွာတွင်စပါးစိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ပြီး စပါးအထွက်နှုန်းမှာ တစ်ဧကလျှင်အနည်းဆုံး (၄၀)မှ(၈၀)ထိထွက်ရှိပါသည်။ ဆောင်းသီးနှံအဖြစ် ဘိုကိတ်၊မတ်ပဲအနည်းငယ်စိုက်ပျိုးပါသည်။မွေးမြူရေးလုပ်ငန်းကိုလည်း တစ်ပိုင်တစ်နိုင်မွေးမြူကြပါသည်။ စက်ချုပ်ခြင်းနှင့်အရောင်းအဝယ်လုပ်ငန်းများလည်းလုပ်ကိုင်ကြပါသည်။

(ဂ) အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

ကျေးရွာတွင်အခြေခံပညာမူလတန်းကျောင်းရှိပါသည်။ စာသင်ကျောင်းတွင် အစိုးရခန့်ဆရာ(၁)ဦးနှင့် ဆရာမ(၃)ဦးမှ သင်ကြားပေးလျက်ရှိပါသည်။ ကျောင်းဝန်းအတွင်းစနစ်တကျဆောက်လုပ်ထားသော အိမ်သာ(၂)လုံးရှိပါသည်။ ဆက်သွယ်ရေးလိုင်းများမှာ အင်တာနက်ဆက်သွယ်ရေးအသင့်အတင့်ကောင်းမွန်ပါသည်။

(ဃ) ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု

ကျေးရွာမှ တောင်သူလယ်သမားများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးပေးပါသည်။

(င) ပညာရေး

ပညာရေးအဆင့်အတန်းမှာအသင့်အတင့်ကောင်းမွန်ပါသည်။ ကျေးရွာတွင်မူလတန်းမှတက္ကသိုလ်အထိပညာသင်ကြားနေသော ကျောင်းသား/သူများရှိပါသည်။

(စ) ကျန်းမာရေး

ကမ်းနားဒိုက်လျားကျေးရွာတွင်ကျန်းမာရေးအနေဖြင့် ရာသီအလိုက်ဖြစ်ပေါ်တတ်သော ရာသီတုပ်ကွေး၊ သွေးလွန်တုပ်ကွေးရောဂါ၊ ရာသီဖျားရောဂါများဖြစ်ပွားလေ့ရှိပါသည်။ ကျန်းမာရေးဌာနမှ အသိပညာပေးဟောပြောပွဲများနှင့် ကာကွယ်ဆေးထိုးနှံမှုများ လာရောက်ပြုလုပ်လျက်ရှိပါသည်။ကျေးရွာတွင်ရေလောင်းယင်လုံအိမ်သာများအသုံးပြုကြပါသည်။ ကျေးရွာတွင်ကျန်းမာရေးဆေးပေးခန်းရှိပါသည်။

(ဆ) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကမ်းနားဒိုက်လျားကျေးရွာတွင် မိုးရာသီအခါ၌ လေပြင်းတိုက်ခတ်မှုများရှိပါသည်။ မြေဆီမြေဩဇာ အနေအထားမှာ အသင့်အတင့်ရှိပြီး ဖျက်ပိုးနှင့်ရောဂါကျရောက်မှုရှိပါသည်။

(ဈ) ကျားမရေးရာ

ကမ်းနားဒိုက်လျားကျေးရွာတွင် ကျား/မရေးရာနှင့်ပတ်သက်၍ တန်းတူအခွင့်အရေးရှိပါသည်။ အမျိုးသားများမှာ လယ်စိုက်ပျိုးရေးတွင်နေ့စားခအများဆုံး(၅၀၀၀)မှ(၄၀၀၀)ရရှိပြီး အမျိုးသမီးများမှာ အများဆုံး(၃၀၀၀)မှ(၂၅၀၀)ကျပ်ရရှိပါသည်.။လက်လီလက်ကားရောင်းဝယ်ရေးလုပ်ငန်းကိုအမျိုးသားများသာလုပ်ကိုင်ကြပါသည်။

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ကျေးရွာလူထုသည်နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင်စီမံချက်များဦးစားပေးအစီအစဉ်ကိုဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကိုရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများ ရရှိရန်လည်းလိုအပ်ပါသည်။ကျေးရွာ ဖွံ့ဖြိုးရေးအစည်းအဝေးတွင်သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါ အတိုင်းဖြစ်ပါသည်-

စဉ်	ကဏ္ဍ	စီမံချက်နှင့်လုပ်ငန်းစဉ်များ	ဆောင်ရွက်မည့် ဘဏ္ဍာရေးနှစ်	ဦးစားပေးအဆင့်
၁	အခြေခံအဆောက်အဦ	ရွာတွင်းကွန်ကရစ်ဘောင်နှင့် မြေရောကျောက်လမ်းခင်းခြင်း	၂၀၂၁-၂၀၂၂(၆)လ	၁
၂	အခြေခံအဆောက်အဦ	ရေသန့်တွင်းတူးဖော်ခြင်းလုပ်ငန်း	၂၀၂၂-၂၀၂၃	၂
၃	မီးလင်းရေးလုပ်ငန်း	ကျေးရွာတွင်းလျှပ်စစ်မီး သွယ်တန်းခြင်းလုပ်ငန်း	၂၀၂၃-၂၀၂၄	၃
၄	အခြေခံအဆောက်အဦ	ရွာတွင်းကျောက်ချောလမ်း ခင်းခြင်းလုပ်ငန်း	၂၀၂၄-၂၀၂၅	၄
၅	အခြေခံအဆောက်အဦ	ကျေးလက်ဆေးပေးခန်း ဆောက်လုပ်ခြင်းလုပ်ငန်း	၂၀၂၅-၂၀၂၆	၅

၅။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်ထည်ဖော်မည် ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့်ရည်မှန်းချက်များသို့ရောက်ရှိရေးမှာ ကျေးရွာတွင်တာဝန်ရှိ ပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့်စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍သက်ဆိုင်ရာ စီမံကိန်း များဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည်ကျေးရွာ အထက်တန်း ကျောင်း၏ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန်တာဝန်ယူဆောင်ရွက် စေ၍လယ်သမား အဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကိုတာဝန်ယူ ဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာ တွင်ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသောဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့ များကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ကိုယ်တိုင်မတတ်နိုင်သောအကူ အညီများရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် ပညာရေးသင်ကြားမှု အရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန်မြို့နယ်ပညာရေးဌာနနှင့်ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရ ပါမည်။လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြုလမ်း အဆင့်မြှင့်တင်ရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီး ဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့်တွက်ချက်မှုဆိုင်ရာအကူ အညီများရယူရပါမည်။

(ဂ) ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ပါဝင်မှုမှာအမှန်ပင်လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ကြီးကြပ်ရေးစသည့်လုပ်ငန်းများအတွက်ကန်ထရိုက်များ၊

- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက်နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ) ကန်ထရိုက်နှင့် ဝန်ဆောင်မှု ပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင်ဖော်ပြထားသော သတ်သတ်မှတ်မှတ် ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံးလွှမ်းခြုံကြီး ကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသော ကော်မတီကို ဦးဆောင်၍မြို့နယ်ဌာန ဆိုင်ရာအဖွဲ့အစည်းများနှင့်နီးနီးကပ်ကပ်ပူးပေါင်းဆောင်ရွက်ပါမည်။

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့်ပြုပြင်ထိန်းသိမ်းရန်အတွက်အဖွဲ့အစည်း ဆိုင်ရာအစီအစဉ်များနှင့်ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက်ရေရှည်တည်တံ့ရေး အစီအစဉ် များထားရှိမည်။ဥပမာအားဖြင့် အသုံးပြုသူများထံမှအသုံးပြုခကောက်ခံခြင်း၊ စေတနာ အလျောက် ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ထို့အပြင် လမ်းပေါ်ဖြတ်သန်း သွားလာသယ်ယူမည့်ပစ္စည်းများ၏ ပမာဏကိုကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများသတ်မှတ် မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက်သက်ဆိုင်ရာ ကော်မတီအဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်မည်ဖြစ်ပါသည်။ဥပမာအားဖြင့် လမ်းပြုပြင် ထိန်းသိမ်းရေးအတွက်လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာ အသင်း စသည်ဖြင့်ဆောင်ရွက်ပါမည်။

၆။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေ အနေများအား စနစ်တကျကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့်လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက် နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကောင်အထည်ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့် အလျောက်ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာအတူပူးပေါင်းဆောင်ရွက်ပါမည်။ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊လုပ်ထုံးလုပ်နည်းများတည်ဆောက်ပါမည်။

(၆-၁) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည်ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (physical progress) နှင့်ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကိုစနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။၄င်းစစ်ဆေးခြင်းကို (၃)လပတ်အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကိုကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာ စီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့တာဝန်ကျရာကဏ္ဍအလိုက်စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးသည်မိမိတို့၏ စီမံကိန်းဆိုင်ရာကနဦးသတင်းအချက်အလက်များ (Baseline) ရရှိအောင်ဆောင်ရွက်ကြပါမည်။ယင်းအခြေခံ သတင်းအချက်အလက်များပေါ်မူတည်၍ တိုးတက်မှုကိုတိုင်းတာသည့်အညွှန်းကိန်း (indicator)ကို တည်ဆောက်ရပါမည်။(၃)လပတ်ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့်အဖွဲ့အသီးသီးသည် ၄င်း တို့၏ကြီးကြပ်စစ်ဆေးတွေ့ရှိမှုအစီရင်ခံစာ(monitoring report)ကိုရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှုကော်မတီမှဦးဆောင်ပါမည်။ (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါ အချက်များအပေါ်ဦးတည်ပါမည် -

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု(Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့်ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲ၊ အဟန့်အတားများနှင့်ပြုပြင်သင့်သောအဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့် စီမံကိန်း များ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့်နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့်အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင်ကြုံတွေ့နေရသောအခက်အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန်အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာအနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီးသက်ဆိုင်ရာကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးနှင့်သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့အစီရင်ခံပေးပို့ပါမည်။အစီရင်ခံစာသည်စာမျက်နှာ၂ မျက်နှာ၊၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါမည်။၄င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားရမည့် အချက်အလက်များအပါအဝင် ယင်းအခြေခံသတင်းအချက်အလက်များပေါ်မူတည်၍ တိုးတက်မှုကိုတိုင်းတာသည့်အညွှန်းကိန်း (indicator)ကို တည်ဆောက်ရပါမည်။

(၆-၂) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ပြီးစီးမှုအကဲဖြတ်ခြင်း

စီမံကိန်းကာလ နှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏တိုးတက်မှုအခြေအနေကို ဘက်စုံရှု ထောင့်မှပြန်လည်သုံးသပ်အကဲဖြတ်ကြပါမည်။ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ရည်ရွယ်ချက်မှာကျွန်ုပ်တို့ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကိုအောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြ နိုင်သောအခွင့်အလမ်းဖန်တီးနိုင်ရန်ဖြစ်ပါသည်။ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊မြို့နယ်အုပ်ချုပ်ရေးနှင့် အခြားသက်ဆိုင်ရာအဖွဲ့အစည်း များ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊သတင်းမီဒီယာများ၊ဖွံ့ဖြိုးရေးအဖွဲ့အစည်းများစသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှအကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သောအခွင့်အလမ်းကိုလည်း ရရှိပါမည်။ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား(၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	ကိုနိုစ့်အရွယ်	၁	၁၁	၁၂		
၁ နှစ်မှ ၄ နှစ်	၅နှစ်အောက်ကလေး ငယ်	၁၇	၁၇	၃၄		
၅ နှစ်မှ ၉ နှစ်	မူလတန်းအရွယ် ၁ဝင်းသား အရွယ်	၂၂	၃၉	၆၁		
၁ဝ နှစ်မှ ၁၄ နှစ်	အလယ်တန်းအရွယ် ၁ဝင်းသား အရွယ်	၁၉	၂ဝ	၃၉		
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်ပိုင်သည်အရွယ်	၁၈၂	၁၆၃	၃၄၅	၂	
၆၅ နှစ် နှင်အထက်	သက်ကြီးရွယ်ကြီး	၁၅	၂၅	၄ဝ		
စုစုပေါင်း		**၂၅၆**	**၂ဂ၅**	**၅၃၁**	**၂**	**ဝ**
စုစုပေါင်းအိမ်ထောင်စု		**၁၃၆**				

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု ၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ ၄နှစ်ဆိုသည်မှာအသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁ဝ) နှစ်မပြည့်မီအရွယ်၊ ၁ဝနှစ်မှ ၁၄နှစ်ဆိုသည်မှာအသက် (၁ဝ) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ ၆၄နှစ်ဆိုသည်မှာအသက် (၁၅) နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်အထက်ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့် ၄င်းထက်အသက်ကြီးသည့် အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အလုပ်လုပ်နိုင်သူဦးရေ အသင့်အတင့်ရှိသဖြင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်ပါသည်။ကျား/မ ဦးရေတွင် မဦးရေအနည်းပို၍ များပြားနေပါသည်။ ကျေးရွာတွင် အိမ်ထောင်စုနှင့်လူဦးရေ အသင့်အတင့်ရှိပါသည်။ သက်ကြီးရွယ်အို အနည်းငယ်လည်း ရှိပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား(၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အိမ်ကအလုပ်အကိုင်					အိမ်ကဝင်ငွေ ရရှိလုပ်ငန်းမဟုတ်သော အခြားဝင်ငွေ ရရှိလုပ်ငန်းအမျိုးအစား (ဦးရေ)	ရပ်တည်နိုင်မှုအတွက် သေချာသောဖြတ်ပြီး မှန်ကန်သောအဖြေကို ရွေးချယ်ပါ။)		
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား	အမျိုးသမီး ဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ					
					ကျား	မ				
စိုက်ပျိုးစီးပွားလုပ်ငန်းများ										
	လယ်ယာစိုက်ပျိုးရေး									
၁	ကိုယ်ပိုင်လုပ်ငန်း	၄၉	၈၅	၂၀	၆၄	၂၁		မှန် ☐	လတ် ☑	ခဲနှံ့ ☐
	အလုပ်သမား/ဝန်ထမ်း	၈၀	၁၆၂		၉၅	၆၇		မှန် ☐	လတ် ☑	ခဲနှံ့ ☐
	တိရစ္ဆာန်မွေးမြူရေး									
၂	ကိုယ်ပိုင်လုပ်ငန်း	၂	၂	၁	၁	၁		မှန် ☐	လတ် ☑	ခဲနှံ့ ☐
	အလုပ်သမား/ဝန်ထမ်း							မှန် ☐	လတ် ☐	ခဲနှံ့ ☐
	ဒိုးလုပ်ငန်း(ရေနှိုက်/ရေငန်ဒိုး/ပုဇွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)									
၃	ကိုယ်ပိုင်လုပ်ငန်း							မှန် ☐	လတ် ☐	ခဲနှံ့ ☐
	အလုပ်သမား/ဝန်ထမ်း							မှန် ☐	လတ် ☐	ခဲနှံ့ ☐
	သစ်တော လုပ်ငန်း									
၄	ကိုယ်ပိုင်လုပ်ငန်း							မှန် ☐	လတ် ☐	ခဲနှံ့ ☐
	အလုပ်သမား/ဝန်ထမ်း							မှန် ☐	လတ် ☐	ခဲနှံ့ ☐
စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေ ရလုပ်ငန်းများ										
	သွတ္တုတူးဖော်ရေး ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း									
၅	ကိုယ်ပိုင်လုပ်ငန်း							မှန် ☐	လတ် ☐	ခဲနှံ့ ☐
	အလုပ်သမား/ဝန်ထမ်း							မှန် ☐	လတ် ☐	ခဲနှံ့ ☐
	ထုတ်ကုန်လုပ်ငန်း									
၆	ကိုယ်ပိုင်လုပ်ငန်း	၁	၂		၂			မှန် ☐	လတ် ☐	ခဲနှံ့ ☑
	အလုပ်သမား/ဝန်ထမ်း							မှန် ☐	လတ် ☐	ခဲနှံ့ ☐
	လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေငွေ့ဝေရေး									
၇	ကိုယ်ပိုင်လုပ်ငန်း							မှန် ☐	လတ် ☐	ခဲနှံ့ ☐
	အလုပ်သမား/ဝန်ထမ်း							မှန် ☐	လတ် ☐	ခဲနှံ့ ☐
	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း									
၈	ကိုယ်ပိုင်လုပ်ငန်း							မှန် ☐	လတ် ☐	ခဲနှံ့ ☐
	အလုပ်သမား/ဝန်ထမ်း							မှန် ☐	လတ် ☐	ခဲနှံ့ ☑
	ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်ဆိုင်းပစ္စည်းများငှါးရမ်းခြင်းဆိုင်ရေး									
၉	ကိုယ်ပိုင်လုပ်ငန်း							မှန် ☐	လတ် ☐	ခဲနှံ့ ☐
	အလုပ်သမား/ဝန်ထမ်း							မှန် ☐	လတ် ☐	ခဲနှံ့ ☐

စဉ်	လုပ်ငန်းများ	အိမ်ကအလုပ်အကိုင်					အိမ်ကဝင်ငွေ ရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေ ရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ(ဦးရေ)	ရပ်တည်နိုင်မှုမှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးပါရန်။)
		အိမ်	မိသားစုဝင်လုပ်အား	အမြဲတမ်းဦးဆောင်သည်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	ကျေးကျင်ပညာရှင်များ (ခဲတပ်၊အလှပြင်၊အိပ်ချုပ်၊အင်ဂျင်နီယာ၊သင်တန်းပေးသူစသည်)							
၁၀	ကိုယ်ပိုင်လုပ်ငန်း							မြို့ ☐ လတ် ☐ ရွာ ☐
	အလုပ်သမား/ဝန်ထမ်း							မြို့ ☐ လတ် ☐ ရွာ ☐
	လက်လီ-လက်ကား ရောင်းဝယ်ရေး							
၁၁	ကိုယ်ပိုင်လုပ်ငန်း	၁၄	၁၉		၁၂	၇		မြို့ ☐ လတ် ☐ ရွာ ☑
	အလုပ်သမား/ဝန်ထမ်း	၁	၁			၁		မြို့ ☐ လတ် ☐ ရွာ ☑
	ပိုကတ်ယှဉ်စားသောက်ဆိုင်လုပ်ငန်း							
၁၂	ကိုယ်ပိုင်လုပ်ငန်း							မြို့ ☐ လတ် ☐ ရွာ ☐
	အလုပ်သမား/ဝန်ထမ်း							မြို့ ☐ လတ် ☐ ရွာ ☐
	ပို့ဆောင်ရေး၊ဒိုဝမှာငှါးရမ်းခနှင့် ဆက်စပ်သည့်ရေး							
၁၃	ကိုယ်ပိုင်လုပ်ငန်း							မြို့ ☐ လတ် ☐ ရွာ ☐
	အလုပ်သမား/ဝန်ထမ်း							မြို့ ☐ လတ် ☐ ရွာ ☐
	ဖွဲ့စည်းဝန်ဆောင်မှုလုပ်ငန်း (ဘဏ်ကွန်ဖရင့် ခြင်းအပါအဝင်ဖွဲ့စည်းကြေးဝန်ဆောင်မှုလုပ်ငန်း)							
၁၄	ကိုယ်ပိုင်လုပ်ငန်း							မြို့ ☐ လတ် ☐ ရွာ ☐
	အလုပ်သမား/ဝန်ထမ်း							မြို့ ☐ လတ် ☐ ရွာ ☐
	အိမ်မြှောက်မြေ၊ယာ၌စက်ကိရိယာ၊ရောင်းဝယ်ငှားရမ်းခြင်းနှင့်ဆက်စပ်သော လုပ်ငန်းများ							
၁၅	ကိုယ်ပိုင်လုပ်ငန်း							မြို့ ☐ လတ် ☐ ရွာ ☐
	အလုပ်သမား/ဝန်ထမ်း							မြို့ ☐ လတ် ☐ ရွာ ☐
	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အိပ်ချုပ်ဆေး၊ကာ ပွတ်ယာနှင့်ဘော ကင်းလုံခြုံရေး)							
၁၆	ကိုယ်ပိုင်လုပ်ငန်း	၁	၁			၁		မြို့ ☐ လတ် ☐ ရွာ ☑
	အလုပ်သမား/ဝန်ထမ်း							မြို့ ☐ လတ် ☐ ရွာ ☐
	ပညာရေး							
၁၇	ကိုယ်ပိုင်လုပ်ငန်း							မြို့ ☐ လတ် ☐ ရွာ ☐
	အလုပ်သမား/ဝန်ထမ်း	၂	၃		၁	၂		မြို့ ☐ လတ် ☑ ရွာ ☐
	ကျန်းမာရေး							
၁၈	ကိုယ်ပိုင်လုပ်ငန်း							မြို့ ☐ လတ် ☐ ရွာ ☐
	အလုပ်သမား/ဝန်ထမ်း							မြို့ ☐ လတ် ☐ ရွာ ☐
	လူမှုရေးလုပ်ငန်းများ							
၁၉	ကိုယ်ပိုင်လုပ်ငန်း							မြို့ ☐ လတ် ☐ ရွာ ☐
	အလုပ်သမား/ဝန်ထမ်း							မြို့ ☐ လတ် ☐ ရွာ ☑

စဉ်	လုပ်ငန်းများ	အဓိကအလုပ်အကိုင်					အဓိကဝင်ငွေ ရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေ ရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ(ဦးရေ)	ရပ်တည်နိုင်မှုမှတ်ချက် (သေချာစေတဲ့အတွက် မှန်ရာတစ်ခုကိုသာ ရွေး ပေးရန်။)
		အိမ်	မိသားစုဝင် လုပ်အား	အခြားသော သည်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၂၀	**အိမ်မှုဇာတ်အကဲလိုက်သူများနှင့် အခြားအမည်မဖော်ပြနိုင်သော လုပ်ငန်းများ**							
	ကိုယ်ပိုင်လုပ်ငန်း							
	အလုပ်သမား/ကျပန်း/							
	ရာဒီအိုလုက်							
	အလုပ်သမား							
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**							
	ကိုယ်ပိုင်လုပ်ငန်း							မြင် ☐ လတ် ☐ ခဲနံ ☐
	အလုပ်သမား/ဝန်ထမ်း		၅		၄	၁		မြင် ☐ လတ် ☐ ခဲနံ ☑
	စုစုပေါင်း	**၁၄၀**	**၂၈၂**		**၁၈၀**	**၁၁၉**		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊(၂)ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"အရေအတွက်တွင်**"မိသားစုဝင်လုပ်အား"** ထပ်မံ ထည့်သွင်းကောက်ယူခြင်းမပြုရပါ။**"ရပ်တည်နိုင်မှု(နိမ့်၊လတ်၊မြင့်)"**ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကိုဆိုလိုပါသည်။ ဥပမာ-**"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု**'အမြင့်"**ဆိုပါက အဆိုပါလုပ်ငန်းတွင်ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အဓိကအလုပ်အကိုင်အဖြစ် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကိုသာ လုပ်ကိုင်ကြောင်းလေ့လာတွေ့ရှိရပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား(၃)လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး(ကျပ်)		အနည်းဆုံး(ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၅၀၀၀	၃၀၀၀	၄၀၀၀	၂၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-
၃	ဒိုးလုပ်ငန်း(ရေနှိုက်/ရောင်း	နေ့စား				
	ဒိုးဖော်မြောင်း၊မွေးမြူခြင်း)		-	-	-	-
၄	သွတ္တုတူးဖော်ရေးကဏ္ဍ ဝင်ကုမ္ပဏီ လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	-	-	-	-
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား				-
၇	ယာဉ်၊စက်ကိရိယာ၊အိမ်မှုံးပစ္စည်းများပြင်ဆင်ရေး	နေ့စား				
၈	လက်လီ၊လက်ကား ရောင်းဝယ်ရေး	နေ့စား	၅၀၀၀	၃၀၀၀	၄၀၀၀	၂၀၀၀
၉	ဧည့်မင်္ဂလာပညာရှင်များ (ဆံပင်၊ အလှပြင်၊အပ်နှံပ်၊အင်ဂျင်နီယာ ၊သင်တန်းဆရာ ဥပစသည်)	နေ့စား				
၁၀	ပို့ဆောင်ရေးသော်ကိုင် လုပ်ငန်း	နေ့စား				

ရင်းမြစ်... ဦးစီးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက် (၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ= (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။ ။လုပ်အားခနှုန်းထားသည် ရွာပတ်ဝန်းကျင်လုပ်အားခနှုန်းထားအား ပျမ်းပျဖော်ပြထားခြင်းဖြစ်ပါသည်။ ကျေးရွာတွင်လယ်ယာလုပ်ငန်း၊ လက်လီလက်ကားရောင်းဝယ်ရေးလုပ်ငန်းများတွင် အများဆုံးဆောင်ရွက်ကြပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဧယား(၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေ အမျိုးအစား	ဧရိယာ (ဧက)	မြေ ဧည့်လာအရည်အသွေး (ကျမ်းနရာတစ်ခုတိုက်သာမှုနှုန်းရန်)					
လယ်မြေ	၂၅၈.၀၀	ကောင်း	☑	သင့်	☐	ညံ့	☐
ယာ မြေ /တောင်မြေ	-	ကောင်း	☐	သင့်	☐	ညံ့	☐
ဥယျာဉ်ခြံမြေ	၂.၀၀	ကောင်း	☐	သင့်	☑	ညံ့	☐
ကုန်း/လွှာနးမြေ	-	ကောင်း	☐	သင့်	☐	ညံ့	☐
မိန တော မြေ		ကောင်း	☐	သင့်	☐	ညံ့	☐
စား ကျက်မြေ		ကောင်း	☐	သင့်	☐	ညံ့	☐
မြေ လွတ်မြေ လပ်	-	ကောင်း	☐	သင့်	☐	ညံ့	☐

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ်ဆိုသည်မှာယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့်စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး(သို့) မွေးမြူရေးလုပ်ကိုင် နိုင်သည့် မြေနှင့်နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့်မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်လယ်ယာမြေပိုင်ဆိုင်မှုအများဆုံးတွေ့ရပြီးဥယျာဉ်ခြံမြေအသင့်အတင့်သာ ပိုင်ဆိုင်မှုရှိကြောင်းတွေ့ရှိရပါသည်။

(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား(၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျွန်းရှာနှင်းအနီးပတ်ဝန်းကျင်တွင်သဘာဝအတိုက်အခံ ရှိနိုင်မှု (မှန်ရာတစ်ခုတိုက်သာ ဖြည့်ရန်)				အုပ်ချုပ်နိုင်မှု (မှန်ရာတစ်ခုတိုက်သာ ဖြည့်ရန်)			လွန်ခဲ့သော (၁၀)နှစ်က အခြေအနေ (မှန်ရာတစ်ခုတိုက်သာ ဖြည့်ရန်)	
သွတ္တုနှင့် အခြားတွင်းထဲကသယံဇာတများ(ဓာတ်သွေး ၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐	သင့် ☐	နည်း ☐	မရှိ ☑	လွယ် ☐	ခက် ☐	အုပ်ချုပ်နိုင်ပါ ☑	ဟုတ် ☐	ဟုတ်ကဲ့ ☐ အခြေအနေ သိပ်မရှိ ☑
ကျောက်မျက် ၊ သဲ ကျောက်စရစ်စသည်များ	များ ☐	သင့် ☐	နည်း ☐	မရှိ ☑	လွယ် ☐	ခက် ☐	အုပ်ချုပ်နိုင်ပါ ☑	ဟုတ် ☐	ဟုတ်ကဲ့ ☐ အခြေအနေ သိပ်မရှိ ☑
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေး ဘက်ဝင်အပင်များ)	များ ☐	သင့် ☐	နည်း ☐	မရှိ ☑	လွယ် ☐	ခက် ☐	အုပ်ချုပ်နိုင်ပါ ☑	ဟုတ် ☐	ဟုတ်ကဲ့ ☐ အခြေအနေ သိပ်မရှိ ☑
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ ☐	သင့် ☐	နည်း ☐	မရှိ ☑	ဂျ				
ရေ-မြေ ထိ ရေ (အင်းဒိုအင်၊ကန်ကျေ ငါး၊ပြာစိမ့်မစ်မီး)	များ ☐	သင့် ☐	နည်း ☐	မရှိ ☑	လွယ် ☐	ခက် ☐	အုပ်ချုပ်နိုင်ပါ ☑	ဟုတ် ☐	ဟုတ်ကဲ့ ☐ အခြေအနေ သိပ်မရှိ ☑
ရေ-မြေ အောက်ရေ (တွင်းတိမ်မွတ်နက်၊လက်ဝှေ့တွင်း)	များ ☐	သင့် ☐	နည်း ☐	မရှိ ☑	လွယ် ☐	ခက် ☐	အုပ်ချုပ်နိုင်ပါ ☑	ဟုတ် ☐	ဟုတ်ကဲ့ ☐ အခြေအနေ သိပ်မရှိ ☑
သစ်တော -အပိုပိုင်းသစ်တော	များ ☐	သင့် ☐	နည်း ☐	မရှိ ☑	လွယ် ☐	ခက် ☐	အုပ်ချုပ်နိုင်ပါ ☑	ဟုတ် ☐	ဟုတ်ကဲ့ ☐ အခြေအနေ သိပ်မရှိ ☑
သစ်တော -ဒေသတော များ	များ ☐	သင့် ☐	နည်း ☐	မရှိ ☑	လွယ် ☐	ခက် ☐	အုပ်ချုပ်နိုင်ပါ ☑	ဟုတ် ☐	ဟုတ်ကဲ့ ☐ အခြေအနေ သိပ်မရှိ ☑

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင်ဓါတ်သတ္ထုနှင့်အခြားသဘာဝအရင်းအမြစ်များမရှိပါ။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား(၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	သတ်မှတ်စုံစမ်းခြင်း			
	အဆင့်မြင့် သော အိမ်ထောင်စု	အလယ်အလတ်ရှိ သော အိမ်ထောင်စု	ဖြေလည်သော အိမ်ထောင်စု	အလွယ်ဖြေလည် သော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အနေအထိုင်	အလွန်ကောင်း	အသင့်အတင့် ကောင်း	ဆိုး	အလွန်ဆိုး
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အိမ်ကစီးပွားရေး	စီးပွား(ဝင်ငွေ)	စီးပွား(ဝင်ငွေ)	စီးပွား(ဝင်ငွေ)	စီးပွား(ဝင်ငွေ)
လုပ်ငန်း	အလွန်ကောင်း	အသင့်အတင့်	နည်း	အလွန်နည်း
အိမ်ထောင်စု	၁၆	၉၈	၂၂	

ရင်းမြစ် . . . (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း

လေ့လာတွေ့ရှိချက်။ ။ ဥစ္စာဓနအဆင့်အခြေအနေအား မိမိကျေးရွာတစ်ရွာအတွင်းသာ နိုင်းယှဉ် ဖော်ပြထားခြင်းဖြစ်ပါသည်။ကျေးရွာတွင်မပြေလည်သောအိမ်ထောင်စုမှာ ၂၂အိမ်ထောင်စု ခန့်ရှိပါသည်။

(c) ထိခိုက်လွယ်မှု

(c–၁) ဝမ်းစာဖူလုံမှု

ဇယား(၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့်'၃' နှင့် '၄' အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

အနိမ့်ကာလ	အိမ်ထောင်စု အရေအတွက်	အနိုးသမီး ဦးဆောင်သည် အိမ်ထောင်စု အရေအတွက်	ဖြန့်ဝေးသည်နည်းဖူလုံမှု (ဖြန့်ဝေးနည်း တစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကို ထည့် ပြောရန်)		
၃ လအောက် ဝမ်းစာဖူလုံမှု	၆		အခြားအစာအပြဲဝင်းလစား	=	
			အဆွေမျိုးသား ၃ စား	=	
			အထောက်အပံ့ပယ်	=	
			အကြွေးယူ	=	၃
			လုပ်အားခကြိုယူ	=	၃
၃ လနှင့် ၆လ ကြား ဝမ်းစာ ဖူလုံမှု			အခြားအစာအပြဲဝင်းလစား	=	
			အဆွေမျိုးသား ၃ စား	=	
			အထောက်အပံ့ပယ်	=	
			အကြွေးယူ	=	
			လုပ်အားခကြိုယူ	=	
၆ လနှင့် ၁၂ လ အထိ ဝမ်းစာ ဖူလုံမှု			အခြားအစာအပြဲဝင်းလစား	=	
			အဆွေမျိုးသား ၃ စား	=	
			အထောက်အပံ့ပယ်	=	
			အကြွေးယူ	=	
			လုပ်အားခကြိုယူ	=	

ရင်းမြစ် ... ဥစ္စာဓနအဆင့် '၃'နှင့် '၄' အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်း ကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ဝမ်းစာဖူလုံမှုမရှိသောအိမ်ထောင်စုများမှာ ချေးယူခြင်းနှင့် လုပ်အားခကြိုယူ၍ နေထိုင်စားသောက်ကြောင်းလေ့လာတွေ့ရှိရပါသည်။

(c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား(၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ဆိုင်း
မိသား စုစောင့်ဖြူ ဘက်ဖူမမှိရိသော သက်ကြီးရွယ်အို ဖြန်စ်နှင့် အထက်	၁	၆	၇
မိသား စု/ရပ်ပွရာ၏ စောင့်ဖြူ ဘက်ဖူမမှိရိသော မသန်စွမ်းသည် ပုဂ္ဂိုလ်	၂		၂
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲချိမသား စုဦး ရေမှုးသည် အမျိုးသမီးဦး ဆောင် အိမ်ထောင်စု	၉		
ဆင်းရဲချိမသား စုဦး ရေမှုးသည် မိုဆုံးဖ/တစ်ခုလပ် အိမ်ထောင်စု	၂၂		
အခြားဒေသိုသ် ကြာမြင့်စွာသွား ရောက်နေထိုင်လုပ်ကိုင်နေသည် ဆင်းရဲသည် အိမ်ထောင်စု	၅		

ရင်းမြစ် . . . ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို၊အဘိုးအဘွား၊ (၇)ဦး၊ မသန်စွမ်းတွေ့ပုဂ္ဂိုလ်(၂)ဦးတွေ့ရပြီး ဆင်းရဲ၍ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု(၉)စုနှင့် ဆင်းရဲသည့်မုဆိုးမမိသားစု အနည်းငယ်ကိုလဲတွေ့ရပါသည်။

(၄-၃)ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား(၉)ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

စဉ်	ထိခိုက်လွယ်မှုအဖြစ်များအစား (အခြေ အနေ)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေး ပါ)			စွမ်းဆောင်နိုင်မှု(ထိခိုက်မှုလျော့ ပါးနည်း စေရန်လိုက်လျော ညီထွေ ဖြစ်စေမည့် အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	ရိုးရိုး	လတ်တ	မြင့်	ရိုးရိုး	လတ်တ	မြင့်
၁	မြစ်ရေကြီးမှု	✓			✓		
၂	လျှပ်တပြက်ရေကြီးခြင်း	✓			✓		
၃	မုန်တိုင်းဒဏ	✓			✓		
၄	ဆူနာမီ	✓			✓		
၅	တိုင်ဖွန်းမုန်တိုင်း	✓			✓		
၆	လေဆင်္ခြောမောင်း	✓			✓		
၇	ငလျင်	✓			✓		
၈	အုပ်ပြိုလင်း	✓			✓		
၉	ရိုက်ဖိုးမြေ မှုန်းတွင်ရေငုတ်ရောက်မှု	✓			✓		
၁၀	အအေးဓိုလင်း	✓			✓		
၁၁	မိုးသီးမှုန်ကြွေ ကျမှု	✓			✓		
၁၂	မိုးခေါင်ခြင်း	✓			✓		
၁၃	တောမီးလောင်ခြင်း	✓			✓		
၁၄	မြစ်ကမ်းပါးပြိုခြင်း	✓			✓		
၁၅	ကမ်းရိုးတန်းတိုက်စားမှု	✓			✓		
၁၆	မြေ ပြိုခြင်း	✓			✓		
၁၇	စားနပ်ရိက္ခာမပြည့်မှု		✓		✓		
၁၈	သဘာဝအရင်းအမြစ်ရှားပါးမှု(မြေ ၊ရေ)	✓			✓		
၁၉	မြေ ပြိုခြင်း၊ မြေ ခဲတွင်းပျက်စီးခြင်း	✓			✓		
၂၀	သစ်တော ဖြုန်းတီးခြင်း	✓			✓		
၂၁	ငှက်ဖျားရောဂါ	✓			✓		
၂၂	ဒေါသရောဂါ	✓			✓		
၂၃	ကိုယ်ခံအား ကျဆင်းမှုရောဂါ	✓			✓		
၂၄	ကပ်ရောဂါ	✓			✓		
၂၅	ပြည်တွင်းပဋိပက္ခ	✓			✓		
၂၆	တိရစ္ဆာန်ကူး စက်ရောဂါကျရောက်မှု	✓			✓		
၂၇	လူကုန်ကူးခြင်း	✓			✓		
၂၈	ထေ းလေ၍ငါ/လ်မးပ်နေဆက်ကွယ်ဖေ ခက်ခဲခြင်းစသည်	✓			✓		

ရင်းမြစ် . . . ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။ ။ထိခိုက်သက်ရောက်လွယ်မှုဟုဆိုရာ၌ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ရေကြီးခြင်း ၊မိုးခေါင်ခြင်းစသည့်အခြေအနေများဖြစ်ပေါ်ခြင်းရှိပါကယင်းဖြစ်စဉ်များအတွက်ကျေးရွာသူရွာသားများထိခိုက် သက်ရောက်မှုရှိနိုင်ပါသလား။ထိခိုက်မှုရှိပါကကျေးရွာ၏မည်သို့သောအိမ်ထောင်စုများနှင့်အိမ် ထောင်စုမည်မျှထိခိုက်သက်ရောက်မှုခံစားကြရပါသလဲ။

(ဥပမာ။။။ အိမ်ထောင်စု၁၀၀တွင် ၂၅အိမ်ထောင်စုအောက် - နိမ့်

အိမ်ထောင်စု၁၀၀တွင် ၂၅မှ၅၀အိမ်ထောင်စု - လတ်

အိမ်ထောင်စု၁၀၀တွင်၅၀အိမ်ထောင်စုအထက် - မြင့်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် သင့်တင့်မျှတသော ရာသီဥတုရှိပြီး ရန်ဖန်ရန်ခါ အအေးလွန်ကဲမှု ကြုံတွေ့ရသော်လည်း ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနည်းပါးကြောင်းတွေ့ရပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်လွယ်သူမအမျိုးအစား	ထိခိုက်လွယ်သူမ(မိန်းရာတစ်ခုတိုက်သာမှန်း ရ/န)			စွမ်းဆောင်နိုင်သူမ(ထိခိုက်သူမ ဟုဆို နည်းဆုံးနှင့်ပြုပြင်စရာ ဘဲ ဦးတွေ့ ဖြစ်စေမည်အစီအမံများ)		
	သဘာဝဘေး အန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	လူငယ်	✓			✓		
၂	အမျိုးသမီးဦးဆောင်သည်ဆင်းရဲသည်အိမ်ထောင်စု	✓				✓	
၃	ဆင်းရဲသား တောင်သူ	✓				✓	
၄	သဘာဝဘေး ဒဏ်ကိုခုံးရှားစွာကျရောက်နိုင်သော အိမ်ထောင်စု/ကျေးစက်ရောဂါထူထပ်မြဲဖြစ်သော ဒေသ ငွေကြေးနိုင်ထုံသူ	✓			✓		
၅	ပင်လယ်/မြစ်ကမ်းဘေး နေထိုင်သူများ	✓			✓		
၆	မတော် တဆင့်မိုးနှုန်းပမာဏ များသော နေရာတွင်နေထိုင်သူများ	✓			✓		
၇	ြည်တွင်းနေရပ်ပွစ့်နှစ်ဆွေ ့မြဲ ဘင်းခံရသူများ	✓			✓		
၈	မြေနိမ့်မိုပ်းနေထိုင်သူများ	✓			✓		
၉	ဒေးကဲနိုပ်ငှရင်များ	✓			✓		
၁၀	လက်လုပ်လက်စား များ၊ ကျပန်းများ	✓				✓	
၁၁	လူနည်းစုလူမျိုးများ	✓			✓		
၁၂	ဒေသတွင်းပဋိပက္ခဧရိယာ တွင်နေထိုင်သူများ	✓			✓		
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ	✓			✓		
၁၄	ဆွေ တွင်းလုပ်သား များ	✓			✓		
၁၅	လှည်းလည်ဘဝ လာ ၍စေ့ ရောင်းသူများ	✓			✓		
၁၆	နေရပ်ပြန်အဆွေ ခွဲသူများ	✓			✓		
၁၇	ဆွေ ့မြဲ ဘင်းလုပ်သား များ		✓		✓		
၁၈	ကား မောင်းပြီးအသက်မွေး းသူများ	✓			✓		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။ ။ကျေးရွာရှိလူငယ်များ၊အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများစသည်တို့သည်မည်သို့သောအခြေအနေများတွင်လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ထိခိုက်မှုရှိပါကမည်မျှအထိထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိလက်လုပ်လက်စားကျပန်းသမား(လူငယ်)များမှာ အလုပ်အကိုင်အခွင့်အရေး လူမှုစီးပွားရေးထိခိုက်နိုင်ခြေရှိပါသည်။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာအတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား(၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အဓိပ္ပါယ်အစား (မှန်ရာတစ်ခုကိုသာ ဖြည့်ရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက် ဖြည့်နိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ဖြည့်ရန်။)
			ကျား	မ	ဆိုင်း		
						ပညာ ရေး ☐ ဘာ သာ ရေး ☐	
						ကျန်းမာရေး ☑ ဘာ သာ ရေး ☑	ကောင်း ☐
၁	မွေတာဖွမ်း	၁ ☐ ၂ ☑ ၃ ☐	၁၀	၂၀	၃၀	စုဝေးဖွဲ့စည်း မှုရေး ☐	သင့် ☑
						သာ ရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐	ညံ့ ☐
						လုံခြုံ ရေးနှင့်ကာ ကွယ်ရေး ☐	
						ပညာ ရေး ☐ ဘာ သာ ရေး ☐	
						ကျန်းမာရေး ☐ ဘာ သာ ရေး ☐	ကောင်း ☐
၂		☐ ☐ ☐				စုဝေးဖွဲ့စည်း မှုရေး ☐	သင့် ☐
						သာ ရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐	ညံ့ ☐
						လုံခြုံ ရေးနှင့်ကာ ကွယ်ရေး ☐	
						ပညာ ရေး ☐ ဘာ သာ ရေး ☐	
						ကျန်းမာရေး ☐ ဘာ သာ ရေး ☐	ကောင်း ☐
၃		၁ ☐ ၂ ☐ ၃ ☐				စုဝေးဖွဲ့စည်း မှုရေး ☐	သင့် ☐
						သာ ရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐	ညံ့ ☐
						လုံခြုံ ရေးနှင့်ကာ ကွယ်ရေး ☐	
						ပညာ ရေး ☐ ဘာ သာ ရေး ☐	
						ကျန်းမာရေး ☐ ဘာ သာ ရေး ☐	ကောင်း ☐
၄		၁ ☐ ၂ ☐ ၃ ☐				စုဝေးဖွဲ့စည်း မှုရေး ☐	သင့် ☐
						သာ ရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐	ညံ့ ☐
						လုံခြုံ ရေးနှင့်ကာ ကွယ်ရေး ☐	

ရင်းမြစ် . . . ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံအုပ်စု – လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ– အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် မေတ္တာမွန်အသင်းအဖွဲ့နှင့် ယခုလမ်းလုပ်ငန်းဆောင်ရွက်ရန် ဖွဲ့စည်းထားသည့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီတို့ ရှိပါသည်။

(က–၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား(၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အဓိုဂုံးအစား (မှန်ရာတစ်ခုကိုသာ ရွေး ရန်)							အဖွဲ့အစည်း၏လုပ်ငန်းတာ ဝန်မှုဒေသနှင့် အဓိကအစဉ် (အနည်းဆုံးတစ်ခုခွင့်အထက် ရွေး နိုင်သည်။)			
၁	ပတ်မြန်မာ	၁ ☐	၂ ☐	၃ ☐	၄ ☐	၅ ☐	၆ ☐	၇ ☑	ပညာ ရေး	☐	ကွန် ကြေး	☑
									ကျန်းမာရေး	☐	ဘာ သာ ရေး	☐
									စုဝေးဖိုးရွေး ဒေသ ဖြူရေး			☐
									သာ ရေး /နာ ရေး ၊လူမှုဖွံ့ဖြိုးရေး			☐
၂	မြည်မဟာ	၁ ☐	၂ ☐	၃ ☐	၄ ☐	၅ ☐	၆ ☐	၇ ☑	ပညာ ရေး	☐	ကွန် ကြေး	☑
									ကျန်းမာရေး	☐	ဘာ သာ ရေး	☐
									စုဝေးဖိုးရွေး ဒေသ ဖြူရေး			☐
									သာ ရေး /နာ ရေး ၊လူမှုဖွံ့ဖြိုးရေး			☐
၃		၁ ☐	၂ ☐	၃ ☐	၄ ☐	၅ ☐	၆ ☐	၇ ☐	ပညာ ရေး	☐	ကွန် ကြေး	☐
									ကျန်းမာရေး	☐	ဘာ သာ ရေး	☐
									စုဝေးဖိုးရွေး ဒေသ ဖြူရေး			☐
									သာ ရေး /နာ ရေး ၊လူမှုဖွံ့ဖြိုးရေး			☐

ရင်းမြစ် . . . ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း(ပြည်တွင်း/ ပြည်ပ) (ဥပမာ–ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ– Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ရန်ပုံငွေဖြင့်ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ– ကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ – GIZ, UKAid, US Aid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှဒေသအကျိုးပြည်သူ့အကျိုးကိုထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာဥပဒေ၊ နည်းဥပဒေလမ်းညွှန်ချက်များဖြင့်ပြဋ္ဌာန်းကာဖွဲ့စည်းပေးထားနေသောအဖွဲ့အစည်း၊အသင်းအဖွဲ့များ (ဥပမာ – သမဝါယမဦးစီးဌာန၏သမဝါယမအသင်း၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကိုဤဇယားတွင်ထည့်သွင်းဖော်ပြခြင်းမပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်း(၂)ခုရှိသာရှိကြောင်း လေ့လာ တွေ့ရှိရပါသည်။

(ခ) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား(၁၃) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအမျိုးအစား	အိမ်ထောင်စု အရေအတွက်	အနိုးသိမ်းဦး ဆောင်သည် အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေး အကြံသတ်မှတ်ချက်
၁	မြေယာမဲ့	၉၄		မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၄		ဆင်းရဲသား တောင်သူ
၃	၂.၅ ဧက မှ ၅ ဧက	၂၅		တောင်သူငယ်
၄	၅ ဧက မှ ၁၂.၅ ဧက	၁၀		တောင်သူလတ်
၅	၁၂.၅ ဧက အထက်	၃		တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း		**၁၃၆**		

ရင်းမြစ် . . . (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်မြေယာမဲ့ (၉၄)အိမ်ထောင်စုရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

(၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှရေသွင်းနိုင်သည့်ဧရိယာ

ဧယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရိုနှင့်ပြမ		
		တစ်နှစ်ပတ်လုံး/ရာသီအလိုက် (မှန်ရာတစ်ခုကိုသာမှတ်ပါး)	လုံလောက်မှု(ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာမှတ်ပါး)		လွဲနှံခဲ့သော (၁၀)နှစ်က အဖြေ အနေ(မှန်ရာတစ်ခုကိုသာမှတ်ပါး)
၁	ဆည်		တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ ☐	လူမျိုး ☐ ဘုရား ☐ အခြားလှုမရှိ ☐
၂	ရွှေလဲဆည်		တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ ☐	လူမျိုး ☐ ဘုရား ☐ အခြားလှုမရှိ ☐
၃	မြစ်ရေတောင်စီးမံကိန်း		တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ ☐	လူမျိုး ☐ ဘုရား ☐ အခြားလှုမရှိ ☐
၄	ရွှေဘုံမြို့		တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ ☐	လူမျိုး ☐ ဘုရား ☐ အခြားလှုမရှိ ☐
၅	အိဝိစရွာငး	၂၅၈	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☑ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☑ မဖြေဆိုပါ ☐	လူမျိုး ☑ ဘုရား ☐ အခြားလှုမရှိ ☐
၆	လက်ငင်းရွာငး		တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ ☐	လူမျိုး ☐ ဘုရား ☐ အခြားလှုမရှိ ☐
၇	စဉ့်မစ်မးရေ		တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ ☐	လူမျိုး ☐ ဘုရား ☐ အခြားလှုမရှိ ☐
၈	ချောင်းရေ	၂၅၈	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☑ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☑ မဖြေဆိုပါ ☐	လူမျိုး ☑ ဘုရား ☐ အခြားလှုမရှိ ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ရေအရင်းအမြစ်လုံလောက်မှုမရှိ၍ ရေသွင်းဧရိယာအများဆုံးရှိကြောင်းတွေ့ရှိရပါသည်။

(၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

